## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်း ဖော်ပြသည့် ဥပဒေများ။ | ၂-၄ |
| ၂။ | အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ကြေညာခြင်း နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၅-၆ |
| ၃။ | ဟားမက်စ်တို့၏ ဓားစာခံအဖြစ်ခေါ်ဆောင်ထားခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ စစ်ရာဇဝတ်မှုဖြစ်ခြင်း။ | ၇-၈ |
| ၄။ | ပဉ္စမအကြိမ်မြောက် အာဆီယံ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒရေးရာ ဆွေးနွေးပွဲ။ | ၉-၁၀ |
| ၅။ | နဝမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ လူငယ်ပါလီမန်အမတ်များ ညီလာခံ (9th Global Conference of Young Parliamentarians) အကြောင်း သိကောင်းစရာများ။ | ၁၁-၁၃ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်းဖော်ပြသည့် ဥပဒေများ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သည့်လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ (၁)ခု၊ အမျိုးသားမြေအသုံးချမှုကောင်စီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ(၁)ခု၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီက ထုတ်ပြန်ခဲ့သည့် အနည်းဆုံးအခကြေးငွေနှုန်းထားပြင်ဆင်သတ်မှတ်ကြေညာခြင်းအမိန့်ကြော်ငြာစာ(၁)ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်ခဲ့သည့် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ လိုက်နာဆောင်ရွက်ရမည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်(၁)ခု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည့် မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ၏ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ(၁)ခုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ(၁)ခု တို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က၁၉-၉-၂၀၂၃ရက်နေ့တွင် ငွေကြေးချဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၆၉၊ ပုဒ်မခွဲ (ဂ)နှင့်ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (ဗဟိုအဖွဲ့)၏ ၁၄-၃-၂၀၂၂ ရက်စွဲပါအမိန့်အမှတ် (၁/၂၀၂၂)ပါ ကြီးကြပ်ရေးအာဏာပိုင်အဖြစ် အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ “ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ လိုက်နာဆောင်ရွက်ရမည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာညွှန်ကြားချက်”ကို ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရှေ့နေရှေ့ရပ်များ၏ အလုပ်နှင့် အချက်အလက်များ မှန်ကန်စွာအသုံးပြုခြင်း၊ အန္တရာယ်အကဲဖြတ်ခြင်းအစီအစဉ်ထားရှိခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ သတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများထိန်းသိမ်းထားခြင်း၊ ကြားခံပုဂ္ဂိုလ်ထားရှိခြင်း၊ နည်းစနစ်များသတ်မှတ်အကောင်အထည်ဖော်ခြင်း၊ အလေးထားစိစစ်မှုတိုးမြှင့်ခြင်းတို့ ဆောင်ရွက်ရာတွင် ဤညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်တစ်ဦးသည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ဗ)(၄)တွင်ဖော်ပြထားသော လုပ်ငန်းများကိုလည်းကောင်း၊ ယုံကြည်အပ်နှံခံရသူအဖြစ်လည်းကောင်း ဆောင်ရွက်ရာတွင် ရှေ့နေတာဝန်ခံလက်မှတ် (သို့မဟုတ်) အသိအမှတ်ပြုလက်မှတ်ရှိ ကိုယ်ရေးအချက်အလက်များကိုသာအသုံးပြုရမည်ဖြစ်ပြီး ကွဲလွဲသည့်အချက်အလက်များ၊ ဖန်တီးထားသည့် သို့မဟုတ် မမှန်ကန်သည့်အမည်၊ အချက်အလက်များကိုအသုံးပြု၍ ဆောင်ရွက်ခြင်း မပြုလုပ်ရဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရ ပါသည်။

ထို့ပြင် ရှေ့နေရှေ့ရပ်များသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ပေးအပ်သည့် သတင်း အချက်အလက်များကို အလေးထားဂရုပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု အန္တရာယ်အကဲဖြတ်ခြင်းကို သင့်လျော်သည့်အချိန်တွင် မိမိ၏အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ရမည့်နည်းလမ်းများကို ဤညွှန်ကြားချက်တွင် တိကျစွာဖော်ပြထားပါသည်။

ရှေ့နေရှေ့ရပ်များသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တန်ဖိုးပမာဏသည် ဗဟိုအဖွဲ့ကထုတ်ပြန်ထားသော သတ်မှတ်ပမာဏ သို့မဟုတ် ယင်းသတ်မှတ်ပမာဏထက် ကျော်လွန်လျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်ဖြစ်ပြီး ဤညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်သည့် ရှေ့နေရှေ့ရပ်များကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ၊ ရှေ့နေများအက်ဥပဒေနှင့် ယင်းအက်ဥပဒေများအရ ထုတ်ပြန်ထားသော ၁၉၅၄-ခုနှစ် တရားရုံးချုပ်ရှေ့နေများအဖြစ်ဝင်ခွင့်နည်းဥပဒေများ၊ ၁၉၅၅-ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများအရလည်း

ကောင်း၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရလည်းကောင်း အရေးယူခြင်းခံစေရမည်ဟု သိရပါသည်။

**သို့ဖြစ်ပါ၍** ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်ကို လေ့လာသိရှိလိုက်နာရန် လိုအပ်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ကြေညာခြင်းကို အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈) နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ၄,၈၀၀/- ကျပ် (လေးထောင့်ရှစ်ရာကျပ်တိတိ) အပေါ်တွင် အပိုထောက်ပံ့ကြေး ၁,၀၀၀/-ကျပ် (တစ်ထောင်ကျပ်တိတိ) ကို ထပ်မံ ခံစားခွင့်ပြုရန် ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ် လုပ်ခ ၅,၈၀၀/-ကျပ် (ငါးထောင့်ရှစ်ရာကျပ်တိတိ)ကိုခွင့်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃၀-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၃ ဖြင့် ထုတ်ပြန်သတ်မှတ်ပြီးဖြစ်ပါသည်။

အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၂၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေပုဒ်မ ၁၀ပုဒ်မခွဲ(ဃ)နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀/- ကျပ် (ခြောက်ရာကျပ်)နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက်၄,၈၀၀/-ကျပ်(လေးထောင့်ရှစ်ရာကျပ်)ကိုပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီမှ ၁၄-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂၀၂၃ခုနှစ်၊အောက်တိုဘာလ ၁ရက်နေ့မှစ၍အပိုထောက်ပံ့ကြေး ၁,၀၀၀/-ကျပ်(တစ်ထောင်ကျပ်တိတိ)ကို အလုပ်လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအရခံစားခွင့်ပြုရန်သတ်မှတ်ခဲ့ရာ အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့်သက်ဆိုင်ခြင်းမရှိကြောင်းနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ

**အတွဲ (၁) အမှတ် (၂၃)** **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်**

အမျိုးသားကော်မတီ၏ ၅-၁၀-၂၀၂၃ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၁/၂၀၂၃ကိုဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: အလုပ်သမားဝန်ကြီးဌာန

## ဟားမက်စ်တို့၏ ဓားစာခံအဖြစ် ခေါ်ဆောင်ထားခြင်း သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ စစ်ရာဇဝတ်မှုဖြစ်ခြင်း

## (The War Crimes of Hamas: Hostage–Taking in International Law)

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် နံနက်အစောပိုင်းတွင် ဟားမတ်စ်အကြမ်းဖက်သမားများသည် ဂါဇာကမ်းမြှောင်မှ အစ္စရေးနိုင်ငံသို့ ဝင်ရောက်လာကာ အစ္စရေးမြို့များနှင့် စစ်စခန်းများကို ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် ယင်းတိုက်ခိုက်မှုကြောင့် အစ္စရေးလူဦးရေ ၇၀၀ ကျော် သေဆုံးခဲ့ပြီး လူဦးရေ ၂၅၀၀ ကျော်ဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါကိစ္စရပ်အား အစ္စရေးနိုင်ငံတွင်းနှင့် နိုင်ငံရပ်ခြားမှ လူအများက "အစ္စရေး ၉/၁၁" ဟု ရည်ညွှန်းပြောဆိုခဲ့ကြပါသည်။

"အစ္စရေး ၉/၁၁" တိုက်ခိုက်မှုသည် စစ်ဘက်ဆိုင်ရာ သာမကဘဲ အပြစ်မဲ့အစ္စရေးအရပ်သားများကိုလည်းတိုက်ခိုက်ခဲ့ပြီး ဓားစာခံအဖြစ် ခေါ်ဆောင်သွားကြပါသည်။ အများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့်သက်ကြီးရွယ်အိုများဖြစ်ပါသည်။ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သည့်လုပ်ရပ်အား အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ အလေးအနက်တားမြစ်ထားသဖြင့် ယင်းသို့ပြုမူဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတို့ကဲ့သို့အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ရာရောက်သည်ကို တွေ့ရှိရပါသည်။

ပဋိပက္ခတစ်ရပ်သည်နိုင်ငံတကာ သို့မဟုတ် နိုင်ငံတကာသဘောသဘာဝအရ သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ ဓားစာခံအဖြစ်ခေါ်ဆောင်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ပြဋ္ဌာန်းဥပဒေအရ စစ်ရာဇဝတ်မှု (War Crimes) အဖြစ် လေးနက်စွာ မှတ်ယူထားပါသည်။ ထို့ပြင် ယခင် Yugoslavia နှင့် Rwanda တို့၏ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးဥပဒေများနှင့် Sierra Leone အထူးတရားရုံးဥပဒေတို့တွင်လည်း ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းကို စစ်ရာဇဝတ်မှုအဖြစ် အတိအလင်း ဖော်ပြထားပါသည်။

အထင်ကရအမှုတစ်ခုအဖြစ် ၁၉၉၅ ခုနှစ်၊ ယခင်ယူဂိုဆလားဗီးယား အမှုတွင် တရားခံများသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများအား ဓားစာခံအဖြစ် ထိန်းသိမ်းထားခြင်းကြောင့် တရားစွဲဆိုခံခဲ့ရပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် International Criminal Tribunal for the Former Yugoslavia (ICTY) Blaskic trial တွင် ခုံရုံးက တရားခံသည် အရပ်သားများကို ဓားစာခံများအဖြစ်

ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် fourth Geneva Convention ကို ချိုးဖောက်ခြင်း၊ ဥပဒေများကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ထို့ပြင် ၂၀၀၁ ခုနှစ်တွင် ခုံရုံးက Kordic နှင့် Cerkez အမှု၌စွပ်စွဲခံရသူသည် အရပ်သားများကို ဓားစာခံအဖြစ် ထိန်းသိမ်းထားခြင်းကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် လူ့အခွင့်အရေးကိုထိခိုက်စေသည့် တရားမဝင်လုပ်ရပ်ဖြစ်ပြီး မည်သည့်ဥပဒေ သို့မဟုတ် ဆင်ခြင်တုံ တရားနှင့်မျှ လွတ်ငြိမ်းချမ်းသာခွင့်မပြုနိုင်ကြောင်း အခိုင်အမာ ပြောဆိုထားပါသည်။

ဓားစာခံခေါ်ယူခြင်းကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတို့တွင် တားမြစ်ထားသောကြောင့် စစ်ရာဇဝတ်မှုများကို ဦးတည်နေသည့် ဟားမတ်စ်တို့၏ ပြုလုပ်မှုများသည် နိုင်ငံတကာဥပဒေကို ရှင်းလင်းပြတ်သားစွာ ချိုးဖောက်မှုသို့ ဦးတည်နေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ ဟားမတ်စ်၏ ဓားစာခံအဖြစ် ခေါ်ဆောင်ထားခြင်းကို ပြစ်တင်ရှုတ်ချပြီး ယင်းပြုလုပ်မှု များအတွက် ဟားမတ်စ်တို့အနေဖြင့် တာဝန်ယူမှုရှိရန် နိုင်ငံတကာအသိုင်းအဝိုင်းက ကိုင်တွယ် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်းသိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်** https://www.jurist.org/commentary/2023/10/the-war-crimes-of-hamas-hostage-taking-in-international-law/

## ပဥ္စမအကြိမ်မြောက် အာဆီယံ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒရေးရာ ဆွေးနွေးပွဲ

ဥရောပသမဂ္ဂ(EU)နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့သည် ပဥ္စမအကြိမ်မြောက်လူ့အခွင့်အရေးဆိုင်ရာ မူဝါဒရေးရာ ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ကျင်းပခဲ့ပါသည်။

ယခင် ပထမအကြိမ်မြောက် ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့များတွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌လည်းကောင်း၊ ဒုတိယအကြိမ်မြောက် ဆွေးနွေး ပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ ဘိုဟိုမြို့၌လည်းကောင်း၊ တတိယ အကြိမ်မြောက်ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊နိုဝင်ဘာလ ၂၇ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ် မြို့၌လည်းကောင်း၊ စတုတ္ထအကြိမ်မြောက်ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌လည်းကောင်း အသီးသီး ကျင်းပခဲ့ပါသည်။

ယခုပဥ္စမအကြိမ်မြောက်ဆွေးနွေးပွဲသို့ အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights – AICHR)၊ အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children– ACWC)၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ (ASEAN Committee on Women– ACW)၊ ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများကို မြှင့်တင်ရေးနှင့်ကာကွယ်ရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး အာဆီယံကော်မတီ (ASEAN Committee on the Implementation of the ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers – ACMW) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ သက်ဆိုင်ရာဌာနခွဲများကဲ့သို့သော အဓိကအဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုသည့် အာဆီယံ ကိုယ်စားလှယ်၃၀ဦးနီးပါးတက်ရောက်ခဲ့ပြီး အရှေ့တီမောနိုင်ငံကလည်းအာဆီယံ၏လမ်းညွှန်ချက် နှင့်အညီ လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင်သက်ဆိုင်ရာဒေသများရှိ အမျိုးသမီးများနှင့်ကလေးသူငယ်များ၏အခွင့်အရေး များအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ သဘောထားအမြင်များ ဖလှယ်ခြင်းနှင့် နိုင်ငံတကာဖွံ့ဖြိုး

တိုးတက်မှုများ၊ လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် အမြင်ဖလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စများ၊ ကျားမ တန်းတူညီမျှမှုရှိခြင်းဆိုင်ရာ အခွင့်အရေးများ၊ ကလေးများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အခွင့်အရေးများနှင့် လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များ၊ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဒီဂျစ်တယ်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အစွန်းရောက်အကြမ်းဖက်ဝါဒအပေါ် တုံ့ပြန်ရာ၌ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဆိုင်ရာကိစ္စရပ်များ အပါအဝင်အမျိုးမျိုးသော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ၎င်းတို့သည် နောက် ၂ နှစ်တာ ကာလအတွက် အပြန်အလှန်အကျိုးရှိသည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါဆွေးနွေးပွဲသို့ ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးစိုးလင်းဟန် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source – https://www.eeas.europa.eu/eeas/asean-5th-policy-dialogue-human-rights-european-union-takes-place-brussels_en
– Official Facebook Page of Ministry of Foreign Affairs (Myanmar)

## နဝမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ လူငယ်ပါလီမန်အမတ်များ ညီလာခံ (9th Global Conference of Young Parliamentarians) အကြောင်း သိကောင်းစရာများ

နဝမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာလူငယ်ပါလီမန်အမတ်များညီလာခံ (9th Global Conference of Young Parliamentarians) ကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ၁၄-၉-၂၀၂၃ ရက်မှ ၁၇-၉-၂၀၂၃ရက်နေ့အထိကျင်းပခဲ့ပါသည်။နဝမအကြိမ်မြောက်ကမ္ဘာလုံးဆိုင်ရာလူငယ်ပါလီမန်အမတ်များ ညီလာခံ(9th Global Conference of Young Parliamentarians)ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဆောင်ရွက်ရာတွင် လူငယ်များ၏အခန်းကဏ္ဍအားမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့်“ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုတို့မှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်မှုမြှင့်တင်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ကျင်းပခြင်း ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၅ခုနှစ် IPU မှချမှတ်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဟနွိုင်းကြေညာချက်၏ ၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းလည်း ဖြစ်ပါသည်။

နဝမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာလူငယ်ပါလီမန်အမတ်များညီလာခံ(9th Global Conference of Young Parliamentarians)မှ ၁၇-၉-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါ သည်။ ထုတ်ပြန်ချက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၂၀၃၀) ရည်မှန်းချက်အား အကောင်အထည်ဖော်ရာတွင် ၁၂ရာခိုင်နှုန်းသာအောင်မြင်မှုရှိပြီး ၅၀ရာခိုင်နှုန်းနောက်ကျ နေကြောင်းနှင့် ၂၀၃၀ ရည်မှန်းချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ၇နှစ် သာကျန်ရှိတော့ကြောင်း၊ ပညာရေး၊ ကျားမတန်းတူညီမျှမှု၊ သင့်လျော်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှု၊ ငြိမ်းချမ်းရေး ၊ တရားမျှတမှုနှင့် ခိုင်မာသောအဖွဲ့အစည်းဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်မှုတွင် ကွာဟချက်များရှိနေကြောင်း၊ ကျောင်းနေခွင့်မရရှိသည့် လူငယ်မှာ ၂၅၈ သန်းရှိပြီး အလုပ်အကိုင်၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားခွင့်မရရှိသည့် လူငယ်များမှာ ၂၃.၃ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများနှင့် လူငယ်ကိုယ်စားပြုမှုသည် သာတူညီမျှမှုမရှိကြောင်း၊ ကမ္ဘာတစ်ဝန်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ ၂၇ ရာခိုင်နှုန်းအောက်လျော့နည်းပြီး ၃၀ နှစ်နှင့်အောက်လွှတ်တော်ကိုယ်စားလှယ်များမှာ၂.၈ ရာခိုင်နှုန်းသာရှိကြောင်းနှင့် လူငယ်ပါလီမန်အမတ်များအနေဖြင့် စဉ်ဆက်

မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်ပြည့်မီစေရန်အတွက် ဖန်းတီးမှုများနှင့် အလုပ်လုပ်နိုင်စွမ်းများကို ပိုမိုလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ယနေ့ကမ္ဘာတွင် နည်းပညာ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုတို့သည် အရှိန်အဟုန်ဖြင့်ကြီးထွားလာနေပါကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကိစ္စရပ်များအား ဦးဆောင်မှုတွင် လူငယ်များက အဓိကကျကြောင်း၊ လူငယ်များသည် ပုဂ္ဂလိကကဏ္ဍဖြစ်သော နည်းပညာကုမ္ပဏီများနှင့် ဆန်းသစ်တီထွင်မှုအပိုင်းတို့တွင် အကြီးအကဲအဖြစ်လည်းကောင်း သို့မဟုတ် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးတွင် ရင်းနှီးမြှုပ်နှံသူများအဖြစ်လည်းကောင်း ပါဝင်နေကြောင်းနှင့် လူငယ်ပါလီမန်အမတ်များသည် နည်းပညာတတ်မြောက်၍ ပြဿနာဖြေရှင်းနိုင်သော မျိုးဆက်သစ်လူငယ်များအား မွေးထုတ်ပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း စသည့်အချက်များလည်း ပါရှိပါသည်။

ယင်းညီလာခံတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့်စပ်လျဉ်း၍ လူငယ်ပါလီမန်အမတ်များက လွှတ်တော်ကိုယ်စားလှယ်များအားလုံး အွန်လိုင်းစနစ်အသုံးပြုမှု အပြည့်အဝအသုံးချနိုင်ရေးလိုအပ်သည့်အသိပညာပံ့ပိုးမှုများပြုလုပ်ရန်၊ virtualအသုံးပြုမှုကိုတိုးမြှင့်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍သင့်လျော်သော ဥပဒေမူဘောင်များချမှတ်ရန်နှင့်  နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ အမျိုးသမီးပါလီမန်အမတ်များအပေါ် နည်းပညာအသုံးပြု၍ အကြမ်းဖက်မှုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအပေါ်နည်းပညာဖြင့် နှောင့်ယှက်မှုနှင့်အကြမ်းဖက်မှုများကိုတားဆီးရေးအတွက် လုံလောက်သော မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများချမှတ်ရန် အချက်များအားလည်းကောင်း၊ ဆန်းသစ်တီထွင်ရေးတွင် လူငယ်များဦးဆောင်ပါဝင်သော လုပ်ငန်းများအား ပံ့ပိုးကူညီခြင်း၊ ရန်ပုံငွေ၊ ထောက်ပံ့ကြေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ခြင်းကိုလည်းကောင်း၊ မျိုးဆက်သစ်များ နည်းပညာကျွမ်းကျင်စေရေးအတွက် လိုအပ်သော ပညာရေးသင်ရိုးညွှန်းတမ်းများ မြှင့်တင်ရေးဆွဲရန် အချက်များအား လည်းကောင်း၊ ယဉ်ကျေးမှုနှင့်မတူ ကွဲပြားမှုအားလေးစားမှုမြှင့်တင်ရေးအတွက် ကျားမတန်းတူညီမျှမှုကိုမြှင့်တင်ခြင်း၊ အမုန်းစကားတားဆီးခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ ကာကွယ်ပေးသည့်ဥပဒေများ

နှင့် အခြားဥပဒေရေးရာများအားကောင်းစေခြင်း၊ ယဉ်ကျေးမှုမတူကွဲပြားမှုအား လေးစားမှုမြှင့်တင်ခြင်းစသည့် အချက်များအားလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း ဖော်ပြထားပါသည်။

နဝမအကြိမ်မြောက်ကမ္ဘာလုံးဆိုင်ရာလူငယ်ပါလီမန်အမတ်များညီလာခံ(9th Global Conference of Young Parliamentarians) သည် မျိုးဆက်သစ်လူငယ်များ၏ နည်းပညာတတ်မြောက်မှုမှသည် ဖွံ့ဖြိုးတိုးတက်မှုရယူနိုင်ရန် တွေ့ဆုံဆွေးနွေးမှုပြုလုပ်သည့် ညီလာခံတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://vietnamnews.vn/politics-laws/1593889/ninth-global-conference-of-young-parliamentarians-adopts-statement.html

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

